# အရက်ဦးမှာ ဖူးသည့်ကြာ ဒါရိုက်တာ ကွယ်လွန်

သတင်းရင်းမြစ် > မြင့်မောင်
သောကြာနေ့၊ နိုဝင်ဘာလ ၀၅ ရက် ၂၀၁၀ ခုနှစ် ၁၉ နာရီ ၃၃ မိနစ်

နယူးဒေလီ (မဇ္ဈိမ) ။ □□။ သမိုင်းရေးရာ အချက်အလက်များ အငြင်းပွားခဲ့သည့် "အရက်ဦးမှာ ဖူးသည့်ကြာ" ဇာတ်ကား ရိုက်ကူးခဲ့သူ ၅၈ နှစ်အရွယ် ဒါရိုက်တာ တင်သန်းဦးသည် ရန်ကုန် မင်္ဂလာဒုံ စစ်ဆေးရုံ၌ ယနေ့ နံနက် ကွယ်လွန်သွားသည်။

"အသည်းခြောက် ရောဂါနဲ့ ဒီနေ့ မနက် ၂ နာရီ ၄၅ မိနစ်မှာ မင်္ဂလာဒုံစစ်ဆေးရုံမှာ ဆုံးတာပါ။ ရုပ်အလောင်းကို ၅ ရက်ထားပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ တနင်္ဂနွေနေ့က မဲထည့်တာတွေ ရှိတယ်ဆိုတော့ လူကြီးတွေက လာချင်သေးတယ်လေ" ဟု ဦးတင်သန်းဦး၏ မရီးဖြစ်သူက မဇ္ဈိမကို ပြောသည်။

{play}images/NewsPhotos/NOV10/tinthanoo.mp3{/play}

ဦးတင်သန်းဦး (ဒုဗိုလ်မှူးကြီးဟောင်း) သည် တပ်မတော် စိတ်ဓာတ် စစ်ဆင်ရေးရုံးတွင် နှစ် ၂၀ ခန့် အမှုထမ်းခဲ့ပြီး ကျန်းမာရေးအရ ၂၀၀၇ ခုနှစ်ထဲတွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

နာမည်ကြီး သရုပ်ဆောင် ၆၈ ဦး ပါဝင်ကာ ပြန်ကြားရေး ဝန်ကြီးဌာနက ထုတ်လုပ်သည့် "အရက်ဦးမှာ ဖူးသည့်ကြာ" ရုပ်ရှင်ကို စစ်အစိုးရ ဝါဒဖြန့်ချိရေး ဇာတ်ကားအဖြစ် ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ဖဆပလ အစိုးရ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့် ဈာပနအရေးအခင်း၊ ရှစ်လေးလုံး လူထုလှုပ်ရှားမှုနှင့် ကရင်အမျိုးသား အစည်းအရုံး KNU အပေါ် စစ်အစိုးရက အသရေဖျက်သည့် အပြောအဆိုများဖြင့် သမိုင်းကို လိမ်လည် တင်ပြခဲ့သည်ဟုဆိုကာ ပြည်တွင်းပြည်ပ အတိုက်အခံ လှုပ်ရှားသူများအကြား ပြစ်တင်ရှုတ်ချစရာ ဇာတ်ကားဖြစ်ခဲ့သည်။□

ယခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဦးတင်သန်းဦးက "ဇာတ်လမ်း ဇာတ်ညွှန်းတွေက ကျနော့်စိတ်ကြိုက် မဟုတ်ဘူး။ သူတို့ ချပေးတဲ့အတိုင်း၊ သဘောတူတဲ့အတိုင်း ကျနော်က ရိုက်တာ" ဟု မဇ္ဈိမကို ပြောဆိုခဲ့သည်။

ဇနီးဖြစ်သူ ဒေါ်စန်းစန်းသူသည် လွန်ခဲ့သည့် ၆ လခန့်ကတည်းက ကွယ်လွန်ခဲ့ပြီး၊ သားသမီး ထွန်းကားမှု မရှိခဲ့ပါ။□ရုပ်အလောင်းကို မင်္ဂလာဒုံ စစ်ဆေးရုံမှ ရေဝေးသုသာန် ရေခဲတိုက်သို့ သယ်ဆောင်ခဲ့ပြီးဖြစ်ကာ၊ ယခုလ ၉ ရက်နေ့ နံနက် ၁၁ နာရီတွင် သင်္ဂြိုဟ်မည် ဖြစ်သည်။